မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၉/ ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ် ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၀/ ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ**
**အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် ဒုတိယအကျော့ UPR အကြံပြုတိုက်တွန်းချက်များအား ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် တတိယအကျော့ UPR အစီရင်ခံစာ မတင်သွင်းမီကာလအတွင်း ရေတိုရေရှည်အစီအစဉ်များ ချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **Universal Periodic Review**

**(UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (င) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (စ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်<br>(လွတ်လပ်သောအကြံပေးပုဂ္ဂိုလ်) | အဖွဲ့ဝင် |
| (ဆ) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |

(န) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ပ) အတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ဖ) အတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(ဗ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ဘ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — တွဲဖက်အတွင်းရေးမှူး

၂။ Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဒုတိယအကျော့ UPR မှ လက်ခံခဲ့သော အကြံပြုတိုက်တွန်းချက် (၁၆၆) ချက်နှင့် ပတ်သက်၍ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ တာဝန်ခွဲဝေ သတ်မှတ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အကြံပြုတိုက်တွန်းချက်များနှင့်ပတ်သက်၍ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန်၊

(ဂ) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှ အမျိုးသားအဆင့် ကော်မတီထံသို့ ပုံမှန်တင်ပြစေရေးကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဃ) အမျိုးသားအဆင့်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးအား အနည်းဆုံး (၄) လလျှင် (၁) ကြိမ် ပုံမှန်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ကျင်းပဆောင်ရွက်သွားရန်၊

(င) ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ တင်ပြချက်များအား စုစည်း၍ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြသွားရန်။

၃။ ကော်မတီသည် လိုအပ်သော လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုအကူအညီအထောက်အပံ့ပေးရေး၊**

**ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဒေါ်အောင်ဆန်းစုကြည် — ဥက္ကဋ္ဌ
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

(ခ) ဒေါက်တာဝင်းမြတ်အေး — ဒုတိယဥက္ကဋ္ဌ (၁)
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဦးခင်မောင်တင် — ဒုတိယဥက္ကဋ္ဌ (၂)
ဒုတိယဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ဃ) ဦးကျော်လင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(င) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
ညှိနှိုင်းရေးမှူးချုပ်
UEHRD

(စ) ဦးတိုးအောင် — အဖွဲ့ဝင်
UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်

(ဆ) ဦးကျော်မြိုင် — အဖွဲ့ဝင်
သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ
UEHRD

(ဇ) ဦးစိုးအောင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) ဦးဇော်သန်းသင်း — တွဲဖက်အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၂။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများထိထိရောက်ရောက်ပေးအပ်ရေး ဆောင်ရွက်ရန်၊

(ခ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်ရန်၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ပံ့ပိုးမှုအပြင် ပြည်တွင်း ပြည်ပအလှူရှင်များ၏ ကူညီထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် ကော်မတီ၏ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုအပြင် နိုင်ငံတကာစာရင်းစစ်ကုမ္ပဏီတစ်ခုကိုလည်း ငှားရမ်း၍ အစစ်ဆေးခံနိုင်ရေးဆောင်ရွက်ရန်။

၃။ ဥက္ကဋ္ဌအနေဖြင့် အတိုင်ပင်ခံအဖွဲ့ကို လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်သည်။

၄။ လိုအပ်သည့်ကော်မတီရုံးအဖွဲ့ ဖွဲ့စည်းရန်နှင့် အုပ်ချုပ်မှုကိစ္စရပ်များကို အတွင်းရေးမှူးက ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၅။ ကော်မတီ၏ အုပ်ချုပ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်း

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်) | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာမျိုးသန့်တင် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးကျော်နိုင် (ထက်မြက်) | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးမင်းဟန် | ဘဏ္ဍာရေးမှူး |
| (၅) | ဦးသိမ်းစိုး (သိမ်းစိုး-သီဟရတနာ) | စာရင်းစစ် |
| (၆) | ဦးကိုကို | ကောင်စီဝင် |
| (၇) | ဦးကျော်ဇေယျ | ကောင်စီဝင် |
| (၈) | ဦးကျော်မင်းဆွေ | ကောင်စီဝင် |
| (၉) | ဦးခင်မောင်ဌေး | ကောင်စီဝင် |
| (၁၀) | ဦးခိုင်မြတ်ကျော် | ကောင်စီဝင် |
| (၁၁) | ဦးချစ်ဝင်းမောင် | ကောင်စီဝင် |
| (၁၂) | ဦးစောသာထူး (မောင်မောင်ဖောင်တိန်) | ကောင်စီဝင် |
| (၁၃) | ဦးဇင်လင်း (ဦးဌေးအောင်) | ကောင်စီဝင် |
| (၁၄) | ဦးဇေယျ (သားကြီးမောင်ဇေယျ) | ကောင်စီဝင် |
| (၁၅) | ဦးဇေယျာလှိုင် | ကောင်စီဝင် |
| (၁၆) | ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) | ကောင်စီဝင် |
| (၁၇) | ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) | ကောင်စီဝင် |

| | | |
|---|---|---|
| (၁၈) | ဦးပိုင်စိုးဦး (ဂျေပိုင်) | ကောင်စီဝင် |
| (၁၉) | ဦးမော်လင်း | ကောင်စီဝင် |
| (၂၀) | ပါမောက္ခဒေါက်တာမြင့်မောင်မောင် | ကောင်စီဝင် |
| (၂၁) | ဦးမြင့်လွင် | ကောင်စီဝင် |
| (၂၂) | ဒေါ်ဝေမာသိမ့် | ကောင်စီဝင် |
| (၂၃) | ဒေါ်သူဇာ | ကောင်စီဝင် |
| (၂၄) | ဒေါ်သင်းသင်းသာ | ကောင်စီဝင် |
| (၂၅) | ဦးသွင်လင်းအောင် | ကောင်စီဝင် |
| (၂၆) | ဒေါ်အိအိတင် | ကောင်စီဝင် |
| (၂၇) | ဦးကျော်စွာမင်း | အတွင်းရေးမှူး |
| (၂၈) | ဦးမြင့်ကျော် | တွဲဖက်အတွင်းရေးမှူး (၁) |
| (၂၉) | ဦးလှိုင်းသစ်ဇင်ဝေ (သာလွန်ဇောင်းထက်) | တွဲဖက်အတွင်းရေးမှူး (၂) |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ကို အထောက်အကူပြုနိုင်ရေးအတွက် **ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးလုပ်ငန်းအဖွဲ့ခွဲ**

**(၁) ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂဂ) | ဥပဒေချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

(ဃဃ) စာရင်းစစ်ချုပ် အဖွဲ့ဝင်
ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

(ငင) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စစ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆဆ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

**(၂) လုပ်ငန်းတာဝန်များ**

(ကက) နယ်မြေတည်ငြိမ်ရေးနှင့်လုံခြုံမှုရရှိစေရန် ဖားကန့်ဒေသအတွင်း ဂိုဏ်းဖွဲ့၍ လုယက်မှု၊ ခိုးမှုများ၊ လုပ်ကွက်များအတွင်း တရားမဝင်ကျူးကျော်နေထိုင်မှုများ တွေ့ရှိပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ခခ) ပုံစံ ၆၆ (က) ဖြင့် တရားဝင်နေထိုင်သူနည်းပါးသည့်အတွက် တရားမဝင်နေထိုင်သူများအားစိစစ်ခြင်း၊

(ဂဂ) ရွှေ့ပြောင်းအလုပ်သမားများ (ရေမဆေးကျောက်သမားများ) ၏ အသက်အန္တရာယ်ရှိမှုများမှ အကာအကွယ်ပေးခြင်း၊

(ဃဃ) ရွှေ့ပြောင်းအလုပ်သမားများ (ရေမဆေးကျောက်သမားများ) အတွက် အလုပ်အကိုင်ရှားပါးလာခြင်းကြောင့် မူးယစ်ဆေးဝါးရောင်းချ/သုံးစွဲသူ ပိုမိုများပြားလာမှုအား ကာကွယ်တားဆီးခြင်း၊

(ငင) ရွှေ့ပြောင်းအလုပ်သမားများအတွက် အမိန့်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များထုတ်ပြန်ရန်လိုအပ်ပါက ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(စစ) ဒေသခံများနှင့် ပြင်ပမှဝင်ရောက်လာသူများကို မှတ်ပုံတင်၍ စိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီး စနစ်တကျကြီးကြပ်စီမံခြင်း။

(ခ) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခွဲ**

**(၁) ဖွဲ့စည်းခြင်း**

(ကက) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဥက္ကဋ္ဌ
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ခခ) စည်ပင်သာယာရေးဝန်ကြီး အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဂဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
ကချင်ပြည်နယ်

(ငင) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**(၂) လုပ်ငန်းတာဝန်များ**

(ကက) ဥရုချောင်းအား ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(ခခ) ရေရှည်အကောင်အထည်ဖော်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် ဒေသခံများနှင့် ပညာရှင်များ၏ အကြံဉာဏ်ရယူဆောင်ရွက်ခြင်း၊

(ဂဂ) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်နှစ်စဉ်ရေကြီးမှုကို ခံစားရသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒေသခံများ၏ အိမ်ထောင်စုများအတွက် ကူညီဆောင်ရွက်ပေးခြင်း။

(ဂ) **မြေယာစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ခွဲ**

**(၁) ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂဂ) | စည်ပင်သာယာရေးဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

**(၂) လုပ်ငန်းတာဝန်များ**

(ကက) ဒေသခံများ၏ မြေယာပိုင်ဆိုင်မှုမျှတမှုရှိရန် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီများမှ ရယူထားသည့် မြေယာများကို အမှန်တကယ်လုပ်ကိုင်မှုနည်းပါးနေမှုများအား စိစစ်ခြင်း၊

(ဂဂ) လီဒိုလမ်း (တနိုင်းလမ်း) တစ်ဝိုက်တွင် မြေလွတ်မြေရိုင်းများစွာရှိသဖြင့် အမှန်တကယ်စိုက်ပျိုးလိုသူများအတွက် မြေယာဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊

(ဃဃ) ကျောက်မျက်တူးဖော်သည့် လုပ်ကွက်အတွင်း ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီ ပြန်လည်နေရာချထားပေးခြင်း။

(ဃ) **အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးလုပ်ငန်းအဖွဲ့ခွဲ**

**(၁) ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | လူမှုရေးဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခခ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဂဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

(ဃဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ငင) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

**(၂) လုပ်ငန်းတာဝန်များ**

(ကက) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် မူဝါဒနှင့်အညီ အလုပ်အကိုင်ဖန်တီးပေးခြင်း၊

(ခခ) ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဂဂ) အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအလုပ်သမားဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းချက်ချမှတ်ပြီး တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ သက်ဆိုင်ရာအလုပ်သမားဥပဒေများပါ အကျိုးခံစားခွင့်များရရှိစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအစရှိသည့် ရည်မှန်းချက် (၉) ရပ်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း၊

(ငင) မိမိတို့မူလဒေသသို့ ပြန်သွားလိုသည့် ရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရေးဆောင်ရွက်ပေးခြင်း၊

(စစ) ရွှေ့ပြောင်းအလုပ်သမားများအား မိမိတို့ မူလဒေသသို့ ရောက်ရှိပါက အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။

**( င) ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲ**

**(၁) ဖွဲ့စည်းခြင်း**

(ကက) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခခ) လူမှုရေးဝန်ကြီး — အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဂဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ငင) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စစ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဆဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဇဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ညည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဋဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဌဌ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ဍဍ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန

**(၂) လုပ်ငန်းတာဝန်များ**

(ကက) မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းဖွင့်ခြင်း၊

(ခခ) လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂဂ) ဘဝရပ်တည်ရန်ခက်ခဲသည့် သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား ပြန်လည်ထူထောင်ပေးခြင်း၊

(ဃဃ) ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊

(ငင) လုံးခင်း၊ ဖားကန့်၊ တာမခန်တိုက်နယ်ဆေးရုံများတွင် မက်သဒုန်းဆေးတိုက်ကျွေးမှုအား သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆေးကုသပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(စစ) လုံးခင်းဒေသတွင် ဘာသာပေါင်းစုံ လူအိုရုံဆောက်လုပ်ရန် မြေနေရာရရှိပြီးဖြစ်သဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီခြင်း။

**(စ) ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲ**

**(၁) ဖွဲ့စည်းခြင်း**

(ကက) ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး — ဥက္ကဋ္ဌ
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ခခ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဃဃ) ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှကိုယ်စားလှယ် — အဖွဲ့ဝင်

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကချင်ပြည်နယ်

**(၂) လုပ်ငန်းတာဝန်များ**

(ကက) ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းပေးခြင်း၊

(ခခ) ဖားကန့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ဘတ်ဂျက်ရန်ပုံငွေရရှိရေးနှင့် ပြည်ထောင်စုနှင့်ပြည်နယ်ဘတ်ဂျက်ငွေစာရင်းများတွင် လျာထားသတ်မှတ်ရေး ဆောင်ရွက်ခြင်း၊

(ဂဂ) ရန်ပုံငွေနှင့် အလှူပစ္စည်းများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း။

၂။ ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၂/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပါ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်ခင်မြင့်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်း<br>(Myanmar International Freight Forwarders Association - MIFFA) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အေးအေးလှ<br>ကျွမ်းကျင်သူ<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၀၄/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

### တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၈ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာ ကော်မတီတွင် အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် မည်သို့ပင်ပါရှိစေကာမူ နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည် -

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်။

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက် များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

(စ) **အခွန်နှစ်**ဆိုသည်မှာ -

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်ပါက ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်။

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက်ဖြစ်ပါက ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလဖြစ်သည်။

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး အတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက် အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန် အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင် လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု

တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသောရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့်ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၆ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၅၀ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၂ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၆ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၆၀၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၃ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၉၇ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၄၁ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၀၆ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၉၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၁၆၉ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၇၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၇၈ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၇၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၀၉ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်မှ ကျပ် ၂၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၄၁ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၃၀၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၇၂ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၂၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၆၇၀၃ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၉၀၀၁ ကျပ် နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀% |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ် နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅% |
| ၁၂ | ကျောက်စိမ်း အရိုင်းထည်များ။ | | ၁၅% |
| ၁၃ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ။ | | ၁၀% |
| ၁၄ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအချော ထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ။ | | ၅% |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၅ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀% |
| | (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀% |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀% |
| ၁၆ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅% |
| ၁၇ | သဘာဝဓာတ်ငွေ့။ | | ၈% |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့။ | ၈% |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀% |
| ၃ | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅% |
| ၄ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၀% |
| ၅ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ။ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့်ဆီကြိတ်ပြီး အဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥ စသည့်ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ပဲနို့။ |
| ၉ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၀ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့်အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၂ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာ အပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)။ |
| ၁၃ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၄ | ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၅ | အုန်းဆံချည်ခင်။ |
| ၁၆ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၇ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၈ | နိုင်ငံတော်အလံ။ |
| ၁၉ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ ခဲတံလုပ်ရန်ခဲဆန်။ |
| ၂၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသ စာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန်စက္ကူများ၊ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာ ကုန်စည်များ** | |
| ၂၁ | ပရဆေးများ။ |
| ၂၂ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသောဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၄ | ကွန်ဒုံး (Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၅ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေး ဆိုင်ရာ အဝတ်အထည်များ။ |
| ၂၆ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| ၂၇ | ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၈ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၂၉ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၀ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၁ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochlorite များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၂ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူးစေး (ခေါ်) ဆေးကုလားမ။ |
| ၃၃ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပို ပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော် လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| | အရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့်ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ မျိုးမြင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည် အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့ သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၄ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၅ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ၊ လက်ခစား အပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန် မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၆ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းများ [ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသောပစ္စည်းအမျိုးအမည်များသာ]၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေ လျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါအသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၇ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၃၈ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၃၉ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၀ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ကုန်စည်များ။ |
| ၄၁ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၂ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှ တစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်း အတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှအဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှု လုပ်ငန်း။ |
| **သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ** | |
| ၃ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း ပြည်ပလေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့် ပြန်ကြားရေးကဏ္ဍ** | |
| ၁၁ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၃ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| ၁၅ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၇ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၃ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နာရေး ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၆ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၂၉ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၀ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၁ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်း မပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း အတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ ထုတ်ယူ လိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီး ဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ် ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှု လုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ် နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင် စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကွင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်း အခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြား စည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်း အမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ် အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ ဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ် ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်း တစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်း ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၃၀,၀၀၀,၀၀၀ | ၁၅ % |
| (ခ) | ၃၀,၀၀၀,၀၀၁-၁၀၀,၀၀၀,၀၀၀ | ၂၀ % |
| (ဂ) | ၁၀၀,၀၀၀,၀၀၁ နှင့်အထက် | ၃၀ % |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ % |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ် ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(၁) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှု အပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်း ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ် အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

( ခ ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်အများပိုင်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့်နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

( ဂ ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

( င ) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

( စ ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

( ဇ ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ည) ရေခွန်၊

( ဋ ) တာတမံခွန်၊

( ဌ ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

( ဍ ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

( ဎ ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဏ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် -

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့အတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## အခန်း (၉)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံး ရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်း သတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ။

၃၉။ (က) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၄၀။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင်ပါရှိသော နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် အခွန်ထမ်းများအားလုံးအတွက် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်စေရေး ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဇယား (၁)**

## ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၈၆၂,၇၈၅.၉၄၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၀၈၄.၂၇၅ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၁၂၂,၈၃၈.၅၄၇ |
| | ၃ | စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၇,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၁၄၂,၇၈၁.၆၁၂ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၁,၄၀၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၇၄,၆၃၆.၇၁၉ |
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၇၂၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၆၅.၄၇၅ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၃၉၁,၄၅၉.၃၁၆ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၃၂၄,၈၁၆.၃၂၀** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၂၄,၈၁၆.၃၂၀ |
| ၃ | | | **အကောက်ခွန်** | **၅၃၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၅၃၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၅၈,၃၃၁.၉၅၀** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁၀.၃၉၂ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၆.၀၀၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅,၁၀၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၄၅.၀၄၈ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၂,၆၀၇.၀၀၀ |

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| | ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၄၁၀,၁၁၃. ၂၁၂ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၃၀,၃၆၈. ၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၃၉၆,၉၆၃. ၈၀၀ |
| | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၁၉၇. ၉၂၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ ရရှိသည့် အခွန်။ | ၆၅၀. ၅၅၀ |
| | | | စုစုပေါင်း | ၇,၅၇၅,၉၁၄. ၂၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

### လွှတ်တော်ပုံမှန်အစည်းအဝေးများကျင်းပပြုလုပ်မည့် လျာထားချက်ထုတ်ပြန်ခြင်း

၁။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများကို အောက်ပါကာလအတိုင်း ကျင်းပပြုလုပ်ရန် လျာထားပါသည် -

(က) **ဒသမအကြိမ်** ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်မှ ဒီဇင်ဘာလ ၂၁ ရက်အထိ၊

(ခ) **(၁၁) ကြိမ်မြောက်** ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မှ မတ်လ ၁၅ ရက်အထိ၊

(ဂ) **(၁၂) ကြိမ်မြောက်** ။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှ ဇွန်လ ၇ ရက်အထိ၊

(ဃ) **(၁၃) ကြိမ်မြောက်** ။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ စက်တင်ဘာလ ၂၀ ရက်အထိ၊

(င) **(၁၄) ကြိမ်မြောက်** ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်မှ ဒီဇင်ဘာလ ၂၀ ရက်အထိ။

၂။ လျာထားကာလအတွင်း လွှတ်တော်အလိုက် အစည်းအဝေးကျင်းပပြုလုပ်မည့် နေ့ရက်များကို လွှတ်တော်ရုံးအချင်းချင်း ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်မည်။

၃။ အထက်အပိုဒ် ၁ ပါ သတ်မှတ်ကာလသည် လျာထားချက်ဖြစ်သည့်အားလျော်စွာ လွှတ်တော် အသီးသီး၏ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ နေ့ရက်များပြောင်းလဲမှုရှိနိုင်ကြောင်း ထုတ်ပြန်လိုက်သည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၈၄၅/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄၄/၂၀၁၈) အရ ချင်းပြည်နယ်၊ မတူပီခရိုင်တရားရုံးအား ဖွဲ့စည်းထားရှိပြီးဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ မတူပီခရိုင်တရားရုံးအား အောက်ဖော်ပြပါမြို့နယ်များတွင် ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည် -

(က) မတူပီမြို့နယ်

(ခ) ပလက်ဝမြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၅၄/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးဖိုးကျား (အစား) ဦးဆင့်သိန်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၅၅/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဦးကျော်ကျော် (အစား) ဦးခင်ဇော် အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၅၆/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးဘဆန်း (အစား) ဦးခင်မောင်ရွှေ အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

အမှတ် ၅၉၈/၂၀၁၈ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာ အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အာဆီယံရေးရာ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

အမှတ် ၅၉၉/၂၀၁၈ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုကို အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆ အက်ဖ်)၊ မြေကွက်အမှတ် (၁၀၈-အိပ်ချ်/၃)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ (၀. ၂၁၀) ဧက၏ သုံးပုံတစ်ပုံသော မြေအား ဦးကျော်စွာသိမ်းနှင့် အမွေကြောင်းသက်ဝင်သူများကို အမွေဆက်ခံခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

## အမိန့်

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁ F)၊ မြေကွက်အမှတ် (V ၁၀၇/၁၀၈/၁၀၉)၊ ဧရိယာ (၀. ၀၂၃) ဧကစီရှိ မြေကွက် (၃) ကွက်အား ကွယ်လွန်သူ ဦးဘူပင်ဒါဆင်းဆေးဂူးလ် (ခ) ဘော်ဘီ၏ အမွေကြောင်းသက်ဝင်သူများကို အမွေဆက်ခံခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

## အမိန့်

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀/ဘီ) (ရွာမ)၊ မြေကွက်အမှတ် (၁)၊ မြေအမျိုးအစား (ဘီ) လ/န ၃၉၊ ဧရိယာ (၁၁. ၃၄၂) ဧက၏ တစ်စိတ်တစ်ဒေသ မြေပြင်ချောင်းနယ်အလွတ်ဧရိယာ (၃၂'/၂၆'×၅၁') (၀. ၀၃၃) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

## အမိန့်

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၉၅)၊ မြေကွက်အမှတ် (၁၀၅/က)၊ မြေအမျိုးအစား-B မြေ၊ ဧရိယာ (၄. ၅၅) ဧက၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၀. ၁၀၅) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

## အမိန့်

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈ဒီ)၊ မြေကွက်အမှတ် (၈၂)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ (၂၈. ၆၃၀) ဧက၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၁. ၄၃၆) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

## အမိန့်

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ ရပ်ကွက်၊ သီရိမင်္ဂလာ

လမ်းသွယ် (၇)၊ အမှတ် (၁၀၀)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဘီ) (ရွာမ)၊ မြေကွက်အမှတ် (၁)၊ မြေအမျိုးအစား (ဘီ) လ/န-၃၉၊ ဧရိယာ (၁၁. ၃၁၂) ဧက၏ အစိတ်အပိုင်းဖြစ်သော ဧရိယာ (၀. ၀၆၉) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀/ဘီ)၊ မြေကွက်အမှတ် (၁) ၏ တစ်စိတ်တစ်ဒေသ၊ မြေအမျိုးအစား-B လ/န-၃၉၊ ဧရိယာ (၁၁. ၃၁၂) ဧက၏ တစ်စိတ်တစ်ဒေသ (၇၆ ပေ/ ၁၂ ပေ) × (၉၉ ပေ ၆ လက်မ/ ၁၁၉ ပေ) = (၀. ၀၉၇) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၆/က)၊ မြေကွက်အမှတ် (၃၆)၊ မြေအမျိုးအစား-$R_3$မြေ၊ ဧရိယာ (၁. ၁၅) ဧကအနက်မှ ဧရိယာ (၀. ၂၅၄) ဧက၊ မြေကွက်အမှတ် (၃၇)၊ မြေအမျိုးအစား-$R_3$မြေ၊ ဧရိယာ (၁. ၁၄) ဧကအနက်မှ ဧရိယာ (၀. ၉၅၆) ဧက၊ မြေကွက်အမှတ် (၃၈)၊ မြေအမျိုးအစား-$R_3$မြေ၊ ဧရိယာ (၂. ၁၄) ဧကအနက်မှ ဧရိယာ (၀. ၅၃၅) ဧက၊ **စုစုပေါင်းဧရိယာ (၁. ၇၄၅) ဧက** ရှိ မြေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်း ရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-စီ) (ရွာမ)၊ မြေကွက်အမှတ် (၂၂)၊ မြေအမျိုးအစား - (B) မြေပိုင်မြေ၊ ဧရိယာ (၂. ၈၉၄) ဧကအနက်မှ (၀. ၀၅၆) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် (၄၆၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၁-ဘီ)၊ မြေကွက်အမှတ် (၄/၂)၊ မြေအမျိုးအစား - (B) မြေ၊ ဧရိယာ (၄. ၀၃၅) ဧက၏ တစ်စိတ်တစ်ပိုင်းဖြစ်သော (၀. ၀၇၁) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂၆/သမိုင်း)၊ မြေကွက်အမှတ် (၅၁)၊ မြေအမျိုးအစား - (B) မြေပိုင်မြေ (အိမ်ရာမြေ)၊ ဧရိယာ (၅. ၄၇၆) ဧက၏ အစိတ်အပိုင်း၊ ဧရိယာ (၀. ၁၀၈) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ပေါက်တော ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂/စီ-ပေါက်တော)၊ မြေကွက်အမှတ် (ယခင်-၉၁၊ ယခု-၅၆)၊ မြေအမျိုးအစား - (B)

မြေပိုင်မြေ၊ ဧရိယာ (၀. ၁၁၂) ဧက၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၀. ၀၉၇) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၅)၊ မြေကွက်အမှတ် (၁၁၄/ဃ)၊ မြေအမျိုးအစား - B၊ ဧရိယာ (၈. ၇၆၈) ဧကအနက်မှ ဧရိယာ (၀. ၀၇၀) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**အမိန့်**

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၁/စီ)၊ မြေကွက်အမှတ် (၅၅)၊ မြေအမျိုးအစား - G 'L'၊ ဧရိယာ (၁. ၅၂) ဧကအနက်မှ ဧရိယာ (၁. ၃၄၀) ဧကနှင့် မြေကွက်အမှတ် (၅၆)၊ မြေအမျိုးအစား - G 'H' [၃ (ခ) ရပြီး]၊ ဧရိယာ (၀. ၃၈) ဧကအနက်မှ ဧရိယာ (၀. ၃၆) ဧကရှိမြေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၁/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲမှူးကြီး (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည် -

(က) ရဲ ၁၉၅၄ ရဲမှူးကြီး တင်အောင်
ဌာနမှူး၊ အုပ်ချုပ်မှုဌာန
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ခ) ရဲ ၁၇၉၀ ရဲမှူးကြီး ကျော်တေဇ
ကျောင်းအုပ်ကြီး
အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်း

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

အမှတ် ၁၃၈ ။ ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါအမှုထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| အမည် | လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|
| ဦးစိုးမင်းဖုန်း (ကပ-၄၂၈၂) | ပုံနှိပ်ကျွမ်းကျင်-၁ (ခဲတပ်ပုံ) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ) |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြသန်း အား အသက် (၆၀) နှစ်ပြည့်ပြီး နောက်ရက်ဖြစ်သော ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်ထိ ညွှန်ကြားရေးမှူးချုပ်ရာထူးတွင် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် ဦးမြသန်း အား ငြင်းပယ်ခွင့် ခံစားခွင့်ပြုခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးကျင်မောင် (တိုင်းဒေသကြီး ဦးစီးမှူး) အား ၎င်း၏သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးမြင့်ဦး အား ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ သုတေသနလက်ထောက်-၂ (၆) ဦးတို့အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ACARE တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်သုတေသနအရာရှိ ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ရည်ဖြိုးမွန် | သုတေသနလက်ထောက် - ၂ | လက်ထောက်သုတေသနအရာရှိ |
| (ခ) | ဒေါ်သီသီမြင့် | သုတေသနလက်ထောက် - ၂ | လက်ထောက်သုတေသနအရာရှိ |
| (ဂ) | ဒေါ်မိမိအောင် | သုတေသနလက်ထောက် - ၂ | လက်ထောက်သုတေသနအရာရှိ |
| (ဃ) | ဒေါ်ယဉ်ယဉ်သန့် | သုတေသနလက်ထောက် - ၂ | လက်ထောက်သုတေသနအရာရှိ |
| (င) | ဒေါ်မြတ်ဆုမွန် | သုတေသနလက်ထောက် - ၂ | လက်ထောက်သုတေသနအရာရှိ |
| (စ) | ဒေါ်ချိုဝတ်ရည်စိုး | သုတေသနလက်ထောက် - ၂ | လက်ထောက်သုတေသနအရာရှိ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ သရုပ်ပြ ဒေါ်ချိုဇင်ဝင်း အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင်

ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းခွဲ (၇) ကျောင်းတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက ရာထူးနေရာသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ သရုပ်ပြ (၂၀) ဦးတို့အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

**(က) လက်ထောက်ကထိက (ရူပဗေဒဌာန) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်နိုဝင့်ပိုင်ထွန်း | သရုပ်ပြ | လက်ထောက်ကထိက |

**(ခ) လက်ထောက်ကထိက (စိုက်ပျိုးရေးဇီဝနည်းပညာ) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဦးမျိုးခန့် | သရုပ်ပြ | လက်ထောက်ကထိက |

**(ဂ) လက်ထောက်ကထိက (ဉယျာဉ်ခြံသီးနှံ) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်ဖြိုးဖြိုးဝင်းဖေ | သရုပ်ပြ | လက်ထောက်ကထိက |

**(ဃ) လက်ထောက်ကထိက (အပင်ရောဂါ) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်အေးသက်နှင်း | သရုပ်ပြ | လက်ထောက်ကထိက |
| (၂) | ဒေါ်မေသူတင် | သရုပ်ပြ | လက်ထောက်ကထိက |

**(င) လက်ထောက်ကထိက (လယ်ယာသီးနှံစိုက်ပျိုးရေး) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်သန်းသန်းမိုး | သရုပ်ပြ | လက်ထောက်ကထိက |
| (၂) | ဒေါ်အိသန္တာကို | သရုပ်ပြ | လက်ထောက်ကထိက |
| (၃) | ဦးကျော်ဇင်ဝင်း | သရုပ်ပြ | လက်ထောက်ကထိက |

**(စ) လက်ထောက်ကထိက (စိုက်ပျိုးရေးပညာပေး) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်သူဇာနွယ် | သရုပ်ပြ | လက်ထောက်ကထိက |
| (၂) | ဒေါ်နန်းယုမော် | သရုပ်ပြ | လက်ထောက်ကထိက |
| (၃) | ဒေါ်ရည်မွန်သူ | သရုပ်ပြ | လက်ထောက်ကထိက |

**(ဆ) လက်ထောက်ကထိက (မြေဆီလွှာနှင့်ရေသိပ္ပံ) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်နန္ဒာနှင်းရည် | သရုပ်ပြ | လက်ထောက်ကထိက |
| (၂) | ဦးကောင်းထက်လွင်ဦး | သရုပ်ပြ | လက်ထောက်ကထိက |
| (၃) | ဒေါ်လွင်သူဇာငြိမ်း | သရုပ်ပြ | လက်ထောက်ကထိက |
| (၄) | ဒေါ်နိုနိုအောင် | သရုပ်ပြ | လက်ထောက်ကထိက |

**(ဇ) လက်ထောက်ကထိက (စိုက်ပျိုးစီးပွားရေးပညာ) ရာထူး**

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်မြင့်မြတ်မိုး | သရုပ်ပြ | လက်ထောက်ကထိက |
| (၂) | ဒေါ်သူဇာမြင့် | သရုပ်ပြ | လက်ထောက်ကထိက |
| (၃) | ဒေါ်နှင်းစုစံ | သရုပ်ပြ | လက်ထောက်ကထိက |
| (၄) | ဒေါ်သီသီစိုး | သရုပ်ပြ | လက်ထောက်ကထိက |
| (၅) | ဦးစောရန်နိုင် | သရုပ်ပြ | လက်ထောက်ကထိက |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ ဒုတိယဦးစီးမှူး (မွေးမြူရေး) ဦးခိုင်ဇော်သန်း အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (မွေးမြူရေး) ရာထူးနေရာသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးလွှမ်းမိုး အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၇/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅၅/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်) ဒေါ်ရင်ရင်ကြူ အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၇/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စက်မှု) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီးနောက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးချုပ်၊ ဖြည့်တင်းရေး (၂) ဌာနခွဲ၊ နေပြည်တော်တွင် ဆက်လက်တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၈) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်း အား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၅၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးရဲမြင့် အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့်နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၅၂/၂၀၁၈)

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရေကြောင်းပြမှူးကြီး

ဦးထွန်းစိန် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့်နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒုတိယဦးစီးမှူး (မိုး/ဇလ) (၂) ဦးတို့အား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း** |
|---|---|---|
| (က) | ဦးတင်မျိုးအောင် | ဦးစီးအရာရှိ (မိုး/ဇလ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်စုနှင်းထွေး | ဦးစီးအရာရှိ (မိုး/ဇလ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) ပါ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်များအတွက် လိုင်စင်ဆိုင်ရာအခကြေးငွေ များကိုသတ်မှတ်သည့် ဇယား (၁) ကို ပူးတွဲပါဇယား (၁) ဖြင့် အစားထိုးရမည်။

(ပုံ) သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

**ဇယား (၁) လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**[ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) ]**

| | **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် - အထူး (Individual)** | **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် - သာမန် (Class)** | **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်** | **အသုံးချဝန်ဆောင်မှုလုပ်ငန်း လိုင်စင်** |
|---|---|---|---|---|
| လျှောက်လွှာကြေး * | ၁၀,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၅,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် |
| ကနဦးလိုင်စင်ခ * | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| နှစ်စဉ်ကြေး | သက်ဆိုင်သောဝင်ငွေ၏ ၂% (သို့မဟုတ်) ကျပ်သိန်း (၆၀) တို့အနက်မှ များရာကို ပေးဆောင်ရမည်။ | သက်ဆိုင်သောဝင်ငွေ၏ ၀.၅% (သို့မဟုတ်) ကျပ် (၁၅) သိန်းတို့အနက်မှ များရာကို ပေးဆောင်ရမည်။ | သက်ဆိုင်သောဝင်ငွေ၏ ၁% (သို့မဟုတ်) ကျပ်သိန်း (၃၀) တို့အနက်မှ များရာကို ပေးဆောင်ရမည်။ | သက်ဆိုင်သောဝင်ငွေ၏ ၀.၅% (သို့မဟုတ်) ကျပ် (၁၅) သိန်းတို့အနက်မှ များရာကို ပေးဆောင်ရမည်။ |
| ဝန်ဆောင်မှုလုပ်ငန်း အသစ်များ ဖြည့်စွက် ဆောင်ရွက်ခြင်း အတွက်အခကြေးငွေ | ၅,၀၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် |
| လိုင်စင်သက်တမ်း တိုးမြှင့်ခ | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

* ဤနည်းဥပဒေများ မထုတ်ပြန်မီက ဦးစီးဌာနမှ ထုတ်ပေးထားသော လိုင်စင်ရရှိသူများသည် နည်းဥပဒေ ၄၄ အရ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်သို့ လိုင်စင်အသွင်ကူးပြောင်းရာတွင် လျှောက်လွှာကြေးနှင့် ကနဦးလိုင်စင်ခများ ကင်းလွတ်ခွင့်ရှိသည်။

## ဇယား (၁) လိုင်စင်ဆိုင်ရာအခကြေးငွေများ
## ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်အတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများ
## [ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) ]

| | **ဆက်သွယ်ရေးပစ္စည်း** |
|---|---|
| လျှောက်လွှာကြေး | ၅,၀၀၀ ကျပ် |
| ကနဦးလိုင်စင်ခ | မရှိပါ။ |
| နှစ်စဉ်ကြေး * | မရှိပါ။ |
| လိုင်စင်သက်တမ်းတိုးမြှင့်ခ | မရှိပါ။ |

* နှစ်စဉ်ကြေးပေးသွင်းရန်မလိုပါ။ သို့သော် နည်းဥပဒေ ၃၃ (ဆ) နှင့်အညီ ဦးစီးဌာနသို့ ကြိုတင်တင်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်)

### ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒုတိယအကြိမ် မြန်မာနိုင်ငံအမျိုးသားအဆင့် အစီရင်ခံစာရေးဆွဲပြုစုရေးစီမံကိန်း၏ နည်းပညာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၄) ၏ သဘောတူခွင့်ပြုချက်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UN Environment) တို့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် "ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒုတိယအကြိမ် မြန်မာနိုင်ငံအမျိုးသားအဆင့် အစီရင်ခံစာရေးဆွဲပြုစုရေးစီမံကိန်း၏ နည်းပညာလုပ်ငန်းအဖွဲ့များ" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) မှန်လုံအိမ်ဓာတ်ငွေ့စစ်တမ်းကောက်ယူခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး အခွင့်အလမ်းများ ဆောင်ရွက်ခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (GHG Inventory and Mitigation Action TWG) ဖွဲ့စည်းခြင်း**

**စွမ်းအင်ကဏ္ဍ**

(၁) ဒေါ်ဆွေလင်းမြင့် — အဖွဲ့ခေါင်းဆောင်
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

(၂) ဦးအောင်ဇော်မြင့် — ဒုတိယအဖွဲ့ခေါင်းဆောင်
ဌာနခွဲမှူး
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

(၃) ဦးမြတ်ထွန်းကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန

(၄) ဒေါ်ဖြူဖြူခင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန

(၅) ဒေါ်စိန်နွဲ့ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၆) ဒေါ်မီမီထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တံတားဦးစီးဌာန

(၇) ဦးအောင်ကျော်ဖြိုး — အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
သတ္တုတွင်းဦးစီးဌာန

(၈) ဦးအောင်ဖြိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန

(၉) ဦးပေါ်လာအောင် — အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(၁၀) ဦးကျော်ညွန့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
လမ်းဦးစီးဌာန

(၁၁) ဦးရဲထက်လွင် — အဖွဲ့ဝင်
ဦးစီးအရာရှိ
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန

(၁၂) ဒေါ်အိမ့်ကျော့မှူး — အဖွဲ့ဝင်
အငယ်တန်းအင်ဂျင်နီယာ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁၃) ဦးမြင့်စိုး — အကြံပေး
ပြင်ပကျွမ်းကျင်ပညာရှင်

**စက်မှုကဏ္ဍ**

(၁၄) ဦးမောင်မောင်သန့် — အဖွဲ့ခေါင်းဆောင်
ဒုတိယအထွေထွေမန်နေဂျာ
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

(၁၅) ဒေါ်ဌေးဌေးကြည် — ဒုတိယအဖွဲ့ခေါင်းဆောင်
လက်ထောက်ညွှန်ကြားရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

(၁၆) ဒေါ်ဇင်မာအေး — အဖွဲ့ဝင်
မန်နေဂျာ
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း

| | | |
|---|---|---|
| (၁၇) | ဒေါ်သိင်္ဂီကျော်<br>မန်နေဂျာ<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| (၁၈) | ဒေါ်လွင်သီရိခိုင်<br>ဌာနခွဲမှူး<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဒေါ်နှင်းနှင်းအေး<br>ပြင်ပကျွမ်းကျင်ပညာရှင် | အကြံပေး |

**စိုက်ပျိုးရေးကဏ္ဍ**

| | | |
|---|---|---|
| (၂၀) | ဒေါက်တာညိုမာထွေး<br>ဒုတိယညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ခေါင်းဆောင် |
| (၂၁) | ဒေါက်တာအိအိသိမ့်<br>ဒုတိယဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (၂၂) | ဒေါက်တာခင်မာဌေး<br>ဒုတိယညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (၂၃) | ဒေါ်ဝင့်ဝင့်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၂၄) | ဦးမြအေးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၂၅) | ဒေါက်တာခင်လေးဆွေ<br>ပြင်ပကျွမ်းကျင်ပညာရှင် | အကြံပေး |

**မွေးမြူရေးကဏ္ဍ**

| | | |
|---|---|---|
| (၂၆) | ဒေါက်တာကျော်နိုင်ဦး<br>ညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂၇) | ဒေါက်တာလွင်နိုင်ဦး<br>ကထိက<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (၂၈) | ဒေါက်တာနန်းခမ်းလှိုင်း<br>လက်ထောက်ကထိက<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |

**သစ်တောနှင့် အခြားမြေအသုံးချမှု**

| | | |
|---|---|---|
| (၂၉) | ဦးကျော်မိုးအောင်<br>GHG Inventory Coordinator | အဖွဲ့ခေါင်းဆောင် |

(၃၀) ဒေါက်တာမြတ်ဆုမွန် — ဒုတိယအဖွဲ့ခေါင်းဆောင်
လက်ထောက်ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာန
သစ်တောဦးစီးဌာန
(သစ်တောကဏ္ဍ-အဖွဲ့ခေါင်းဆောင်)

(၃၁) ဦးစွန်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(သစ်တောကဏ္ဍ-ဒုတိယအဖွဲ့ခေါင်းဆောင်)

(၃၂) ဦးကျော်လွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၃၃) ဦးလှထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၃၄) ဦးဇင်အေး — အဖွဲ့ဝင်
လက်ထောက်မန်နေဂျာ
မြန်မာ့သစ်လုပ်ငန်း

(၃၅) ဦးဇော်ဇော်အေး — အဖွဲ့ဝင်
လက်ထောက်သုတေသနမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၃၆) ဦးပိုင်ဆုလွင် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၃၇) ဒေါ်စုစုလွင် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၃၈) ဒေါ်ခင်နှင်းမြင့် — အဖွဲ့ဝင်
Program Coordinator
UN-REDD Programme Myanmar

(၃၉) ဒေါ်သင်းသစ္စာကျော် — အဖွဲ့ဝင်
Project Assistant
FAO

(၄၀) ဦးပိုင်ထက်သူ — အဖွဲ့ဝင်
Program Assistant
MERN

(၄၁) ဦးမျိုးကိုကို — အဖွဲ့ဝင်
Program Manager
Promotion of Indigenous and Nature Together

**စွန့်ပစ်ပစ္စည်းကဏ္ဍ**

(၄၂) ဒေါက်တာမြတ်တော်ထက် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၄၃) ဦးသန်းထွန်း — ဒုတိယအဖွဲ့ခေါင်းဆောင်
ဌာနခွဲမှူး
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(၄၄) ဦးကိုကိုသော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လုပ်ငန်းကြီးကြပ်ရေးဦးစီးဌာန

(၄၅) ဒေါက်တာအောင်မြင့်မော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄၆) ဒေါက်တာချောစုစုမွေး — အဖွဲ့ဝင်
ပါမောက္ခ
ဓာတုအင်ဂျင်နီယာဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်

(၄၇) ဦးခင်မောင်ဆန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄၈) ဒေါ်လှလှထွေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၄၉) ဒေါက်တာသိင်္ဂီရဲမြင့် — အဖွဲ့ဝင်
ကထိက
မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်

(၅၀) ဒေါက်တာခိုင်ခိုင်စိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၅၁) ဒေါက်တာတင်အောင်ဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၅၂) ဒေါ်အေးမင်းသင်း — အဖွဲ့ဝင်
စီမံကိန်းအရာရှိ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**သယ်ယူပို့ဆောင်ရေးကဏ္ဍ**

(၅၃) ဦးသောင်းထိုက် — အဖွဲ့ခေါင်းဆောင်
လက်ထောက်အင်ဂျင်နီယာ
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၅၄) ဦးကျော်မိုး — ဒုတိယအဖွဲ့ခေါင်းဆောင်
လက်ထောက်ညွှန်ကြားရေးမှူး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၅၅) ဦးကြည်စိုး — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့မီးရထား

(၅၆) ဒေါ်စောစန္ဒာလှိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၅၇) ဒေါ်ချမ်းမြသီတာကျော် — အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**တွက်ချက်မှု မှန်ကန်ရေး (QA/QC and Verification)**

(၅၈) ဒေါ်ခင်ဆွေလတ် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့

(၅၉) ဦးမင်းမြတ်အောင် — ဒုတိယအဖွဲ့ခေါင်းဆောင်
လက်ထောက်ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၆၀) ဒေါ်တင်တင်အေး — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၆၁) ဒေါ်မို့မို့ဟန် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၆၂) Dr. Aaron Russell — အဖွဲ့ဝင်
Country Representative
Global Green Growth Institute (GGGI)

မှန်လုံအိမ်ဓာတ်ငွေ့စစ်တမ်းကောက်ယူခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး အခွင့်အလမ်းများ ဆောင်ရွက်ခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (GHG inventory and Mitigation Action TWG) ၏ လုပ်ငန်းတာဝန်ဝတ္တရားများ -

(၁) e-learning စနစ်ဖြင့် နည်းပညာကျွမ်းကျင်မှု အတိုင်ပင်ခံအဖွဲ့ သင်တန်းပေးခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့အချက်အလက် ကောက်ယူခြင်းဆိုင်ရာလေ့လာခြင်း၊ သင်တန်းပေးခြင်း၊

(၂) မှန်လုံအိမ်ဓာတ်ငွေ့ အချက်အလက်ကောက်ယူခြင်းကို 2006 IPCC Guideline, 2000 GPG နှင့် 2003 Land Use, Land Use Change and Forestry၊ 2013 Wetland GPG ပါ နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) IPCC Software ကို အသုံးပြု၍ ကောက်ယူရရှိသော မှန်လုံအိမ်ဓာတ်ငွေ့အချက်အလက်များကို တွက်ချက်ရန်၊

(၄) မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အစီရင်ခံစာမူကြမ်းကို ပြုစုရန်၊

(၅) အကြံပြုချက်များအတွက် ပါဝင်ပတ်သက်သူ အားလုံးပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ (၁) ခု ကျင်းပရန်၊

(၆) ကဏ္ဍအလိုက် မှန်လုံအိမ်ဓာတ်ငွေ့ (စုပ်ယူထိန်းသိမ်းမှုနှင့် ထုတ်လွှတ်မှု) စစ်တမ်းကောက်ယူခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းမှ လျော့နည်းသက်သာစေရေးအခွင့်အလမ်းများ ဆောင်ရွက်ခြင်း အစီရင်ခံစာကို အချောသတ်ပြုစုရန်။

**(ခ) ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိခိုက်လွယ်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေးနည်းလမ်းများ ဖော်ဆောင်ခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Vulnerability Assessment and Adaptation TWG) ဖွဲ့စည်းခြင်း**

(၁) ဒေါ်ခင်ချိုချိုရှိန် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
(ရာသီဥတုရွေ့ပြေးကြိုတင်ခန့်မှန်းခြင်းကဏ္ဍ-အဖွဲ့ခေါင်းဆောင်)

(၂) ဒေါ်ဝါဝါသိန်း — ဒုတိယအဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
မြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
(စိုက်ပျိုးရေးကဏ္ဍ-အဖွဲ့ခေါင်းဆောင်)

(၃) ဦးထွန်းနိုင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၄) ဒေါ်တင်ရီ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၅) ဦးကျော်လွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၆) ဦးကံရှိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၇) ဒေါက်တာအောင်မိုးမျိုးတင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(၈) ဒေါက်တာရွှေမာသန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
(စိုက်ပျိုးရေးကဏ္ဍ-ဒုတိယအဖွဲ့ခေါင်းဆောင်)

(၉) ဦးလှထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
(ရာသီဥတုရွေ့ပြေးကြိုတင်ခန့်မှန်းခြင်းကဏ္ဍ-ဒုတိယအဖွဲ့ခေါင်းဆောင်)

(၁၀) ဒေါ်မေခင်ချော — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၁၁) ဦးစိုးစိုးဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁၂) ဒေါက်တာခိုင်ခိုင်စိုး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(ကျန်းမာရေးနှင့် ကမ်းရိုးတန်းအခြားကဏ္ဍ-အဖွဲ့ခေါင်းဆောင်)

(၁၃) ဒေါ်ထွေးကြည် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(၁၄) ဒေါက်တာကျော်ဇေယျာထွန်း အဖွဲ့ဝင်
ကထိက
ရန်ကုန်နည်းပညာတက္ကသိုလ်

(၁၅) ဒေါက်တာအောင်သန်းဦး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
(ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းကဏ္ဍ-ဒုတိယအဖွဲ့ခေါင်းဆောင်)

(၁၆) ဒေါ်ဟန်ဆွေ အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၁၇) ဦးမျိုးထွန်းဦး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
(ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းကဏ္ဍ-အဖွဲ့ခေါင်းဆောင်)

(၁၈) ဒေါက်တာတိုးတိုးအောင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
(ကျန်းမာရေးနှင့် ကမ်းရိုးတန်းအခြားကဏ္ဍ-ဒုတိယအဖွဲ့ခေါင်းဆောင်)

(၁၉) ဦးအောင်ကျော်စိုး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်း)
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(၂၀) ဒေါက်တာတင်မာဌေး အဖွဲ့ဝင်
ဦးစီးအရာရှိ
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၂၁) ဒေါ်ခင်ဝါဝါဝင်း အဖွဲ့ဝင်
ဦးစီးအရာရှိ
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၂၂) ဒေါ်စုစုလွင် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၂၃) ဒေါ်ကေခိုင်တင့် — အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
ငါးလုပ်ငန်းဦးစီးဌာန

(၂၄) ဦးကျော်စိုးဝင်း — အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၂၅) ဦးဟုန်းလင်း — အဖွဲ့ဝင်
Technical Advisor
Myanmar Climate Change Alliance

(၂၆) ဦးဇော်မိုး — အဖွဲ့ဝင်
Project Manager
Network Activities Group

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိခိုက်လွယ်မှုဆန်းစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေးနည်းလမ်းများဖော်ဆောင်ခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Vulnerability Assessment and Adaptation TWG) ၏ လုပ်ငန်းတာဝန်ဝတ္တရားများ -

(၁) ရာသီဥတုပြောင်းလဲခြင်းဒဏ်မှ ထိခိုက်လွယ်မှု ဆန်းစစ်ခြင်းနှင့် လိုက်လျောညီထွေဖြစ်စေမည့် အခွင့်အလမ်းများ ဖော်ဆောင်ခြင်းကို ဆန်းစစ်မည့် နည်းပညာနှင့် နည်းလမ်းများကို e-learning စနစ်ဖြင့် သင်ကြားခြင်းသာမက လိုအပ်မည့် သင်တန်းပေးခြင်းတို့ကိုလည်း ပါဝင်ဆောင်ရွက်ရန်၊

(၂) အရေးပါသည့် လူမှုစီးပွားနယ်ပယ်/တည်နေရာစသော ကဏ္ဍစုံပါဝင်သည့် ထိခိုက်လွယ်ကူမှု ဆန်းစစ်ခြင်းကို အကောင်အထည်ဖော်ရန်၊

(၃) ထိခိုက်လွယ်ကူမှု အညွှန်းကိန်းများကို ဖော်ဆောင်ရန်၊

(၄) စရိတ်သက်သာ၍ ထိရောက်မှုရှိသော လိုက်လျောညီထွေဖြစ်စေမည့်နည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာရန်နှင့် တွက်ချက်၍ ဦးစားပေးအဆင့်သတ်မှတ်ရန်၊

(၅) အရေးကြီး ရာသီဥတုပြောင်းလဲခြင်းဒဏ်မှ ထိခိုက်လွယ်ကူမှုဧရိယာနှင့် နယ်ပယ်သတ်မှတ်နိုင်ရန် နမူနာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရန်၊

(၆) နိုင်ငံတော်၏ တည်ဆဲဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၊ အစီအစဉ်နှင့်အစီအမံများတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို တွက်ချက်ရန်၊

(၇) ဆန်းစစ်လေ့လာတွေ့ရှိချက်နှင့် အစီအစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန်၊

(၈) အစီရင်ခံစာအတွက် ရာသီဥတုပြောင်းလဲခြင်းဒဏ်မှ ထိခိုက်လွယ်ကူမှုဆန်းစစ်ခြင်းနှင့် လိုက်လျောညီထွေဖြစ်စေမည့် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း လေ့လာတွေ့ရှိချက်အခန်းကို အချောသတ်ပြုစုရန်။

**(ဂ) ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Environmentally Sound Technology TWG) ဖွဲ့စည်းခြင်း**

(၁) ဒေါ်ဖြူဖြူခင် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန

(၂) ဒေါက်တာလှမျိုးအောင် — ဒုတိယအဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန

(၃) ဒေါ်ခင်ချိုချိုရှိန် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၄) ဒေါ်တင်ရီ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၅) ဒေါက်တာအောင်လေးတင် အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ
သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(၆) ဒေါ်ညိမ်းညိမ်းမော် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့

(၇) ဒေါက်တာခင်မာဌေး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(၈) ဒေါက်တာငုဝါနွယ် အဖွဲ့ဝင်
ကထိက၊ ဇီဝနည်းပညာဌာန
မန္တလေးနည်းပညာတက္ကသိုလ်

(၉) ဦးဇာနည်ကျော် အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
သတ္တုတွင်းဦးစီးဌာန

(၁၀) ဦးအောင်ဝေထွန်း အဖွဲ့ဝင်
ဦးစီးအရာရှိ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁၁) ဒေါ်ဝေစိုးဇင် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၂) ဒေါက်တာချိုချိုမြင့် အဖွဲ့ဝင်
သုတေသနလက်ထောက် (၂)
သစ်တောသုတေသနဌာန၊ သစ်တောဦးစီးဌာန

(၁၃) ဦးရွှန်းစိုးဦး အဖွဲ့ဝင်
စွမ်းအင်မန်နေဂျာ
Conservation Department, WWF

ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Environmentally Sound Technology TWG) ၏ လုပ်ငန်းတာဝန်ဝတ္တရားများ -

(၁) ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် နည်းပညာရပ်များအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း၊ တွက်ချက်ခြင်းနှင့် စိစစ်အတည်ပြုခြင်းတို့အတွက် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် သင်တန်းများသို့ အခါအားလျော်စွာ တက်ရောက်ရန်၊

(၂) အရေးကြီး လူမှုစီးပွားကဏ္ဍများတွင် နိုင်ငံအတွက် အထူးသင့်လျော်မည့် နည်းပညာလိုအပ်ချက်နှင့် အခွင့်အလမ်းများကို အသုံးပြုခြင်း၊ လွှဲပြောင်းခြင်းနှင့်မိတ်ဆက်ခြင်းတို့အတွက် ခြုံငုံသုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) လက်ရှိအသုံးပြုလျက်ရှိသော အသုံးပြုနိုင်မည့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေသည့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေ့လာဆန်းစစ်ရန်၊

(၄) သင့်လျော်မည့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေသည့် နည်းပညာရပ်များစာရင်းကို ပြုစုရန်၊

(၅) ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် နည်းပညာဖွံ့ဖြိုးမှုနှင့်လွှဲပြောင်းပေးမှုတို့အတွက် နိုင်ငံအတွင်းရှိ ကျွမ်းကျင်ပညာရှင်များ၊ ဒေသတွင်းနှင့်နိုင်ငံတကာရှိ Asia-Pacific Adaptation Network (APAN)၊ Climate Technology Center and Network (CTCN) ကဲ့သို့သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် နည်းပညာရပ်များဆိုင်ရာ အမျိုးသားအဆင့် သတင်းအချက်အလက်များ ဖလှယ်ရေးကွန်ရက်ကို တည်ထောင်ရန်၊

(၆) ထပ်မံလိုအပ်မည့် အားနည်းချက်၊ ကွာဟချက်၊ အတားအဆီး၊ အခက်အခဲ၊ သုတေသနလိုအပ်ချက်များနှင့် ဆက်စပ်ငွေကြေး၊ နည်းပညာ၊ အဖွဲ့အစည်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ရန်၊

(၇) အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ရလဒ်များကို စိစစ်ရန်၊

(၈) အစီရင်ခံစာတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်းတို့အတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် နည်းပညာရပ်များပေါ်ပေါက်လာခြင်း အခန်းကို ပြုစုရေးသားရန်။

**(ဃ) ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စနစ်တကျလေ့လာဆန်းစစ်ခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Research and Systematic Observation TWG) ဖွဲ့စည်းခြင်း**

(၁) ဒေါက်တာအောင်မိုးမျိုးတင့် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(၂) ဒေါက်တာသောင်းနိုင်ဦး — ဒုတိယအဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာန
သစ်တောဦးစီးဌာန

(၃) ဦးထွန်းနိုင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၄) ဒေါက်တာကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၅) ဒေါက်တာအောင်လေးတင် — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(၆) ဒေါက်တာဝင်းဝင်းဇင် — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ၊ မြို့ပြအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(၇) ဒေါ်မေခင်ချော — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၈) ဒေါက်တာလှမျိုးအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန

(၉) ဦးကျော်မိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၁၀) ဒေါ်ဟန်ဆွေ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၁၁) ဒေါ်ညိုညိုစန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဇဟိုစာရင်းအင်းအဖွဲ့

(၁၂) ဒေါ်နီနီသင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၃) ဒေါက်တာကျော်မျိုးလင်း — အဖွဲ့ဝင်
ကထိက၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန
မန္တလေးနည်းပညာတက္ကသိုလ်

(၁၄) ဒေါက်တာဇော်ဇော်လတ် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၁၅) ဒေါက်တာငြိမ်းချမ်း — အဖွဲ့ဝင်
လက်ထောက်ကထိက
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

(၁၆) ဒေါက်တာအောင်သံဒိုင် — အဖွဲ့ဝင်
လက်ထောက်သုတေသနမှူး
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

(၁၇) ဒေါ်အိမ့်ကျော့မှူး — အဖွဲ့ဝင်
အငယ်တန်းအင်ဂျင်နီယာ (၂)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁၈) ဒေါက်တာနော်မေလေးသန့် — အဖွဲ့ဝင်
National Landscape Coordinator
Wildlife Conservation Society

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စနစ်တကျလေ့လာဆန်းစစ်ခြင်းအတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Research and Systematic Observation TWG) ၏ လုပ်ငန်းတာဝန်ဝတ္တရားများ -

(၁) သုတေသနနှင့် စနစ်တကျ လေ့လာဆန်းစစ်ခြင်းအတွက် UNFCCC ညွှန်ကြားချက်များ အသုံးပြုခြင်းဆိုင်ရာ သင်တန်းပေးခြင်းကို ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သုတေသနနှင့်စနစ်တကျ လေ့လာဆန်းစစ်မှု လုပ်ဆောင်ချက်များအပေါ် အစီရင်ခံတင်ပြရန်၊

(၃) သင့်လျော်၍ ဖြစ်နိုင်ခြေရှိပါက အခြားနည်းပညာလုပ်ငန်းအဖွဲ့များနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) အနာဂတ်သုတေသနလုပ်ငန်းများအတွက် နယ်ပယ်နှင့်ဦးစားပေးအဆင့်များကို အခြား နည်းပညာလုပ်ငန်းအဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်းသတ်မှတ်ရန်၊

(၅) အနာဂတ်တွင် အားနည်းချက်၊ ကွာဟချက်၊ အတားအဆီးနှင့် အခက်အခဲများကို သတ်မှတ်ရန်၊

(၆) ရာသီဥတုပြောင်းလဲခြင်း သိပ္ပံပညာရပ်ဆိုင်ရာ ရှေ့ဆက်ဆောင်ရွက်မည့် သုတေသန အစီအစဉ်များစာရင်းကို ပြုစုရန်၊

(၇) သုတေသနနှင့် စနစ်တကျ လေ့လာဆန်းစစ်ခြင်းရလဒ်များကို ဆန်းစစ်နိုင်ရန် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရန်၊

(၈) အစီရင်ခံစာအတွက် သုတေသနနှင့် စနစ်တကျလေ့လာဆန်းစစ်ခြင်းအခန်းကို ပြုစုရေးသားရန်။

**(င) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပညာပေးခြင်း၊ သင်တန်းများပေးခြင်းနှင့် အများပြည်သူအား အသိပညာမြှင့်တင်ပေးခြင်းတို့အတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Education, Training and Public Awareness TWG) ဖွဲ့စည်းခြင်း**

(၁) ဦးဘော်ဘီ — အဖွဲ့ခေါင်းဆောင်
Chief Executive Officer
Network Activities Group

(၂) ဦးမျိုးကိုကို — ဒုတိယအဖွဲ့ခေါင်းဆောင်
Program Manager
Promotion of Indigenous and Nature Together (POINT)

(၃) ဒေါ်သစ်သစ်ဟန် — အဖွဲ့ဝင်
Communication Coordinator SPECTRUM

(၄) ဒေါက်တာကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၅) ဒေါက်တာအောင်လေးတင် — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(၆) ဒေါ်ချိုချိုသင်းကြည် — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ၊ မြို့ပြအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(၇) ဦးရဲခေါင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၈) ဒေါ်စိမ့်စိမ့်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့

(၉) ဦးစိန်မိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တိုးချဲ့ပညာပေးရေးဌာန၊ သစ်တောဦးစီးဌာန

(၁၀) ဒေါ်သီသီခိုင် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၁၁) ဒေါက်တာဥမ္မာအောင် — အဖွဲ့ဝင်
ကထိက၊ ဇီဝနည်းပညာဌာန
မန္တလေးနည်းပညာတက္ကသိုလ်

(၁၂) ဒေါ်မြတ်ဆုရည် — အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၃) ကိုယ်စားလှယ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၄) ဒေါက်တာနော်မေလေးသန့် — အဖွဲ့ဝင်
National Landscape Coordinator
Wildlife Conservation Society

(၁၅) ဦးပိုင်ထက်သူ — အဖွဲ့ဝင်
Program Assistant
Myanmar Environmental
Rehabilitation-Conservation Network (MERN)

(၁၆) ဦးဇော်ဦး — အဖွဲ့ဝင်
Planning Assistant Officer
Ecosystem Conservation and
Community Development Initiative (ECCDI)

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပညာပေးခြင်း၊ သင်တန်းများပေးခြင်းနှင့် အများပြည်သူအား အသိပညာမြှင့်တင်ပေးခြင်းတို့အတွက် နည်းပညာလုပ်ငန်းအဖွဲ့ (Education, Training and Public Awareness TWG) ၏ လုပ်ငန်းတာဝန်ဝတ္တရားများ -

(၁) ခေတ်မီသိပ္ပံဆိုင်ရာ သတင်းအချက်အလက်များကို အခြေခံ၍ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းအသစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ပြင်ဆင်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ သင်ကြားရေး၊ သင်တန်း၊ ပြည်သူလူထုသို့ အသိပညာဖြန့်ဝေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် လိုအပ်ချက်များနှင့် ဦးစားပေး အစီအစဉ်များ သတ်မှတ်ရန်၊

(၃) ပြည်သူတစ်ရပ်လုံးအတွက် ရာသီဥတုပြောင်းလဲမှု အသိပညာမြှင့်တင်ရေးအစီအစဉ်များ၊ စာသင်ကျောင်းများတွင် ရာသီဥတုပြောင်းလဲမှုပညာသင်ကြားရေးနှင့် လေ့ကျင့်ပညာပေးရေး သင်ရိုးညွှန်းတမ်းများကို ဖွံ့ဖြိုးတိုးတက်စေရန် အစီအမံများချမှတ်၍ ဖော်ထုတ်ရန်၊

(၄) သာမန်ပြည်သူလူထုအတွင်း အသက်အရွယ်၊ အပိုင်းအခြားအဆင့်တိုင်း၌ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် အသိပညာဗဟုသုတစစ်တမ်းများ ကောက်ယူရန်၊

(၅) လက်ရှိသုံးစွဲနေသည့် အင်တာနက်ဝဘ်ဆိုက်များကို အသုံးပြု၍ စီမံကိန်းတွင် အဆိုပြုထားသည့် လုပ်ဆောင်ချက်များ၏ အရေးပါသော ရလဒ်များကို ပြည်သူလူထုသို့ ဖြန့်ဝေရန်၊

(၆) တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်၍ ဒေသအဆင့် အသိပညာမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ (၃) ခုကို သက်ဆိုင်သူများအား စုစည်းကျင်းပရန်၊

(၇) အခြားသော နည်းပညာလုပ်ငန်းအဖွဲ့များနှင့်ပူးပေါင်း၍ သတင်းအချက်အလက်များကို ဆွေးနွေးညှိနှိုင်း တိုင်ပင်ရန်၊

(၈) ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် ပြည်သူလူထုအသိပညာမြှင့်တင်ပေးခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ၏ ရလဒ်များကို ပြန်လည်ဆွေးနွေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်၊

(၉) အစီရင်ခံစာအတွက် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် ပြည်သူလူထုအသိပညာမြှင့်တင်ပေးခြင်းအခန်းကို ရေးသားပြုစုရန်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံသစ်တောများ ထာဝစဉ်တည်တံ့ရေးနှင့် မြန်မာ့သစ်များ နိုင်ငံတကာဈေးကွက်တွင် ရောင်းချနိုင်ရန် ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သော သစ်ထောက်ခံချက်ပြုရေးကော်မတီ (မြန်မာ) Timber Certification Committee (Myanmar) - TCCM ကို နိုင်ငံတကာတွင် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ သစ်တောထွက်ပစ္စည်းများအားလုံးခြုံငုံမိစေရန် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ (Myanmar Forest Certification Committee - MFCC) အဖြစ် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အငြိမ်းစားသစ်တော/သစ်လုပ်ငန်းပညာရှင်များဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ သစ်တောထောက်ခံချက်ပြုရေး လုပ်ငန်းအဝဝကို အုပ်ချုပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ပါသည်။

၂။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (ပတ်ဝန်းကျင်ထိန်းသိမ်းရေး) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(င) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး (သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန) — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) — အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဋ) ကိုယ်စားလှယ် — အဖွဲ့ဝင်
သစ်လုပ်ငန်းရှင်အဖွဲ့အစည်းများ

(ဌ) ကိုယ်စားလှယ် — အဖွဲ့ဝင်
အစိုးရမဟုတ်သောအဖွဲ့အစည်းများ (ပတ်ဝန်းကျင်ထိန်းသိမ်းရေး)

(ဍ) ကိုယ်စားလှယ် — အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)

(ဎ) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

၃။ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်၏ သစ်တောများထာဝစဉ်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုကို တိုးမြှင့်ဖော်ဆောင်ရန် အတွက် မြန်မာနိုင်ငံ၏ သစ်တောထောက်ခံချက်ပြုရေးလုပ်ငန်းကိစ္စအဝဝကို စီမံကွပ်ကဲရန်၊

(ခ) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး နိုင်ငံတကာက လက်ခံသည့် သစ်တော ထောက်ခံချက်ပြုရေးစနစ်တစ်ရပ်အား ဖော်ဆောင်ရန်၊

(ဂ) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ "စံချိန်စံညွှန်း" များ ဖော်ထုတ်သတ်မှတ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်၊

(ဃ) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ "စံချိန်စံညွှန်း" များ ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပေးပြီး လိုအပ်သော အကူအညီများပေးရန်၊

(င) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးစနစ် (Myanmar Forest Certification Scheme - MFCS) ကို ကိုယ်စားပြု၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးတွင် ဆောင်ရွက်ရန်၊

(စ) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးစနစ်ဆိုင်ရာ မှတ်တမ်းများအတွက် မူကြမ်းများပြုစုခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပေးခြင်းများအား စီစဉ်ဆောင်ရွက်ရန်၊

(ဆ) သစ်တောထောက်ခံချက်ပေးမည့် လွတ်လပ်သော တတိယအဖွဲ့များ၏ လိုအပ်ချက်နှင့် အကဲဖြတ်စစ်ဆေးခြင်းနှင့် ထောက်ခံချက်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရန်၊

(ဇ) မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အမှတ်တံဆိပ် ဒီဇိုင်းပြုလုပ်ခြင်းနှင့် အသုံးပြုရန် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ရန်၊

(ဈ) မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ Website ထူထောင်ရန်နှင့် စီမံခန့်ခွဲအုပ်ချုပ်မှုများ ဆောင်ရွက်ရန်၊

(ည) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးစနစ်ကို မြှင့်တင်ရန်နှင့် အများပြည်သူသိရှိစေရေး ဆောင်ရွက်ရန်၊

(ဋ) သစ်တောထောက်ခံချက်ပေးမည့် လွတ်လပ်သော တတိယအဖွဲ့များအား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုပေးခြင်း မဆောင်ရွက်နိုင်မီ စိစစ်မှတ်ပုံတင်၍ လုပ်ပိုင်ခွင့်ပြုပြီး အသိအမှတ်ပြုပေးရန်၊

(ဌ) သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းရမည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ပြီး အငြင်းပွားမှုများရှိပါက စုံစမ်းစစ်ဆေး၍ ဖြေရှင်းပေးရန်၊

(ဍ) သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ ဆက်စပ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(ဎ) သစ်တောထောက်ခံချက် စစ်ဆေးအကဲဖြတ်သူများအား သင်တန်းပို့ချရန်နှင့် သင်တန်းအထောက်အကူပြုမှတ်စုများ ပြုစုစီစဉ်ဆောင်ရွက်ရန်၊

(ဏ) မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် ( Myanmar Timber Legality Assurance System - MTLAS) ကို ဖော်ထုတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(တ) မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီဝင်များ၏ သက်တမ်းကာလအား (၃) နှစ် သတ်မှတ်ပြီး သက်ဆိုင်ရာ ဌာန/လုပ်ငန်း/အဖွဲ့အစည်းများ၏ အဆိုပြုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေး [၁၂/အလန (နိုင်) ၀၂၆၉၆၉] လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလ (၄) လဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆

ရက်နေ့မှ အောက်တိုဘာလ ၂၅ ရက်နေ့အထိ ကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၈)၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဒေါ်အေးအေး အား ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၂၁)၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၅၀,၀၀၀/-) ဦးတင့်သွင် သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မြောက်မည်ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) နှင့်အညီ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃/နည်းဥပဒေခွဲ (က) အရ သက်ပြည့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးအုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၅၀,၀၀၀) ဦးအောင်ကျော်သန်း သည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ်၊ မတ်လ ၂ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

အမှတ် ၉၈/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | ရွှေကို | ကြည်း | ၇၃၃၁၂ | ၂၂-၇-၂၀၁၈ |
| (၂) | ဆန်းဝင်း | ကြည်း | ၇၃၃၁၃ | ၂၂-၇-၂၀၁၈ |
| (၃) | ထွန်းထွန်း | ကြည်း | ၇၃၃၁၄ | ၂၃-၇-၂၀၁၈ |

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

အမှတ် ၁၀၁/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ထွန်းမြ | ကြည်း | ၇၃၃၁၅ |
| (၂) | ကျော်ငွေ | ကြည်း | ၇၃၃၁၆ |

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

အမှတ် ၁၀၂/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ရဲတင့် | ကြည်း | ၇၃၃၁၇ |
| (၂) | သောင်းတင်လှ | ကြည်း | ၇၃၃၁၈ |

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

အမှတ် ၁၀၄/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

အေးဝင်း ကြည်း ၇၃၃၁၉

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

အမှတ် ၁၀၇/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | ဝင်းဆွေ | ကြည်း | ၇၃၃၂၀ | ၁၂-၈-၂၀၁၈ |
| (၂) | ခင်မောင်စိုး | ကြည်း | ၇၃၃၂၁ | ၁၃-၈-၂၀၁၈ |
| (၃) | နေတူး | ကြည်း | ၇၃၃၂၂ | ၁၃-၈-၂၀၁၈ |

## (ရေတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

အမှတ် ၅/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ခင်မောင်သန်း | ရေ | ၅၃၆၁ |
| (၂) | စောဘင်ဆင် | ရေ | ၅၃၆၂ |

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

အမှတ် ၆/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ခင်မောင်အေး | ရေ ၅၃၆၃ | (၃) | မိုးဇော် | ရေ ၅၃၆၅ |
| (၂) | စိန်လွင် | ရေ ၅၃၆၄ | (၄) | ခင်မောင်ဆွေ | ရေ ၅၃၆၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ယခင်အပတ် ပြည်တွင်းအခွန်များဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၁၈) အထူးကုန်စည်များနှင့် တရားမဝင် တင်သွင်းသည့်အထူးကုန်စည်များသိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်းနှင့်ဖျက်ဆီးခြင်းတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှ အဆက် ]**

**စစ်ဆေးသိမ်းဆည်းရေးအဖွဲ့မှဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ (Ongoing processes)**

၁၁။ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့်ပတ်သက်၍ လိုက်နာရန်ပျက်ကွက်သည့် အထူးကုန်စည်များ အတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) နှင့် (စ) အရ စည်းကြပ်ရာတွင် ဘဏ္ဍာနှစ်ကုန်အထိ စောင့်ဆိုင်းရန် မလိုဘဲ ပြည်တွင်းအခွန်များဦးစီးဌာန၏ ညွှန်ကြားလွှာအမှတ်၊ ၁၇/၂၀၁၇ ဖြင့် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၂။ အထူးကုန်စည်ခွန်ဥပဒေ ပြဋ္ဌာန်းချက်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သို့မဟုတ် သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သည့် ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်များနှင့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များကို စစ်ဆေးသိမ်းဆည်းရေးအဖွဲ့များမှ စိစစ်ဖော်ထုတ် သိမ်းဆည်းပြီးပါက အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါသည် -

(က) ပြည်ပမှ တင်သွင်းသည့်အထူးကုန်စည်ကို သိမ်းဆည်းရရှိခြင်းဖြစ်ပါက -

(၁) အထူးကုန်စည်များ၏ တန်ဖိုးကို ဖော်ထုတ်တွေ့ရှိချိန်တွင် တွေ့ရှိသည့် ရောင်းချတန်ဖိုး အတိုင်း သတ်မှတ်ရန်၊

(၂) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) အရ လက်ဝယ်ရှိသူအား သတ်မှတ်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရန်နှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန်၊

(၃) ပြည်ပမှ တရားဝင်တင်သွင်းခွင့်ပြုသည့် အထူးကုန်စည်အမျိုးအစားဖြစ်ပါက သိမ်းဆည်း ရရှိသည့် အထူးကုန်စည်များစာရင်းကို သတ်မှတ်ပုံစံ [ပတခ (အထခ) ၂၃၊ ၂၄၊ ၂၅၊ ၂၆] များဖြင့် စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးတို့မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ အကောက်ခွန်ဦးစီးဌာနသို့ တရားဝင် လွှဲပြောင်းပေးရန်၊ (ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမပြုမီ ဦးစွာ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်နှင့် သတ်မှတ်ပုံစံများကို နောက်ဆက်တွဲ (ဃ) ဖြင့် ဖော်ပြပါသည်။)

(၄) ပြည်ပမှ တရားမဝင်တင်သွင်းသည့် အထူးကုန်စည်အမျိုးအစား ဖြစ်ပါက (ဥပမာ-အရက်၊ ဘီယာ) သိမ်းဆည်းရရှိသည့် အထူးကုန်စည်များစာရင်းကို သတ်မှတ်ပုံစံ [ပတခ (အထခ) ၂၃၊ ၂၄၊ ၂၅၊ ၂၆] များဖြင့် စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးတို့မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊ (ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမပြုမီ ဦးစွာ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်နှင့် သတ်မှတ်ပုံစံများကို နောက်ဆက်တွဲ (ဃ) ဖြင့် ဖော်ပြပါသည်။)

(ခ) ပြည်တွင်း၌ထုတ်လုပ်သည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်မထားသည့် အထူးကုန်စည်ကို သိမ်းဆည်း ရရှိခြင်းဖြစ်ပါက -

(၁) သိမ်းဆည်းရမိသည့် အထူးကုန်စည်သည် တည်ဆဲယစ်မျိုးခွန် ဥပဒေအရ အရေးယူရန် ပေါ်ပေါက်ပါက ယင်းဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် သိမ်းဆည်းရရှိသည့် အထူး ကုန်စည်များစာရင်းကို သတ်မှတ်ပုံစံ [ပတခ (အထခ) ၂၃၊ ၂၄၊ ၂၅၊ ၂၆] များဖြင့် စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ အခွန်ဦးစီး ဌာနမှူးတို့မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တရားဝင်လွှဲပြောင်းပေးရန်၊ (ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမပြုမီ ဦးစွာ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်နှင့်သတ်မှတ်ပုံစံများကို နောက်ဆက်တွဲ (ဃ) ဖြင့် ဖော်ပြပါသည်။)

(၂) အခွန်အမှတ်တံဆိပ်ကပ်နှိပ်သော်လည်း အမျိုးအစားကိုက်ညီမှုမရှိသော သို့မဟုတ် လုပ်ငန်းရှင် ထုတ်ယူထားသော Serial Number မဟုတ်သည့် အထူးကုန်စည်များကို သိမ်းဆည်းခံရသည့် အထူးကုန်စည်ပိုင်ရှင်သည် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ လုံလောက်သောအကြောင်းပြချက် တင်ပြနိုင်ပါက ထိုက်သင့်သည့်ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ခံဝန်ပြုလုပ်စေခြင်းများ ဆောင်ရွက်ပြီး ပြန်လည်ပေးအပ်ရန်၊

(၃) အထက်အပိုဒ်ခွဲငယ် (၁) ပါအတိုင်း မဟုတ်ပါက အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ (ဂ) အရ လက်ဝယ်ရှိသူအား သတ်မှတ်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင် စေရန်နှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန်၊

(၄) ပြည်တွင်း၌ထုတ်လုပ်သည့် အရက်၊ ဝိုင်များဖြစ်ပါက အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပြီး၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့၍ အရည်အသွေးနှင့် ဘေးအန္တရာယ် ကင်းရှင်းခြင်း ရှိ မရှိ စစ်ဆေးရန်ဖြစ်ပြီး၊ သုံးစွဲရန်မသင့်ပါက ဖျက်ဆီးရန်နှင့် အရည်အသွေးနှင့် ဘေးအန္တရာယ် ကင်းရှင်းကြောင်း ထောက်ခံချက်ရရှိသည့် အထူးကုန်စည်ပစ္စည်းဖြစ်ပါက အိတ်ပိတ်တင်ဒါခေါ်ယူရန် သို့မဟုတ် လေလံတင်ရောင်းချရန်၊

(၅) ပြည်တွင်း၌ ထုတ်လုပ်သည့် ဆေးပေါ့လိပ်ကုန်စည်ကို သိမ်းဆည်းရရှိခြင်းဖြစ်ပါက အိတ်ပိတ် တင်ဒါခေါ်ယူရန် သို့မဟုတ် လေလံတင်ရောင်းချရန်၊

(၆) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (စ) အရ ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည် ဖြစ်သည့်အတွက် ထုတ်လုပ်သည့်ကုမ္ပဏီ/လုပ်ငန်း/ထုတ်လုပ်သူအား အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း ဒဏ်တပ်ရိုက်ခြင်းဆောင်ရွက်ရန်၊

(၇) ထုတ်လုပ်သည့်ကုမ္ပဏီ/လုပ်ငန်း/ထုတ်လုပ်သူအား အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း ဒဏ်တပ်ရိုက်ခြင်း ဆောင်ရွက်ရာတွင် မိမိမြို့နယ်မှ အခွန်ထမ်းဖြစ်ပါက ဒဏ်တပ်ရိုက်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်နှင့် မိမိမြို့နယ်မှ အခွန်ထမ်းမဟုတ်ပါက ဒဏ်တပ်ရိုက်နိုင်ရေး အတွက် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများနှင့် အခွန်ထမ်းကိုယ်တိုင် အခွန် စည်းကြပ်သည့် အခွန်ရုံးများသို့ ရက်သတ္တ (၂) ပတ်အတွင်း အကြောင်းပြန်ကြားပေးပါရန် မှတ်ချက်ဖြင့် သတင်းပေးပို့ဆောင်ရွက်သွားရန်၊

(၈) သက်ဆိုင်ရာ ဒဏ်တပ်ရိုက်မည့် အခွန်ရုံးအနေဖြင့်လည်း အမှုတွဲဖွင့်လှစ်၍ ဒဏ်တပ်ရိုက်ခြင်း လုပ်ငန်းစဉ်ကို အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးပါက ဒဏ်ငွေပေးသွင်းသည့် ငွေသွင်းချလန်နှင့်အတူ ပေးပို့သည့် အခွန်ရုံးသို့ ပြန်လည်ပေးပို့ရန်၊ (အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် (စ) အရ ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများကို ငွေစာရင်း ခေါင်းစဉ်အမှတ် ၁။၁၁။၃။၃-၂ ဒဏ်ငွေ (အခြား) သို့ စနစ်တကျ ရေးသွင်းရမည်ဖြစ်ပါသည်။)

**သိမ်းဆည်းရရှိသောအထူးကုန်စည်များအား အိတ်ပိတ်တင်ဒါခေါ်ယူပါက သို့မဟုတ် လေလံတင် ရောင်းချပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၁၃။ သိမ်းဆည်းရရှိသော အထူးကုန်စည်များအား အိတ်ပိတ်တင်ဒါခေါ်ယူနိုင်ရေး သို့မဟုတ် လေလံတင် ရောင်းချနိုင်ရေးအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူးများမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ အစီရင်ခံတင်ပြ၍ ခွင့်ပြုချက်ရယူကာ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရမည် -

(က) သိမ်းဆည်းရရှိသည့် အထူးကုန်စည်များအတွက် အမှုတွဲများဖွင့်လှစ်ရန် ဆောင်ရွက်ခြင်း၊

(ခ) စားသုံးရန်သင့်သော အထူးကုန်စည်များဖြစ်ပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနမှ ထုတ်ပေးသည့် အထောက်အထားပူးတွဲထားရှိခြင်း၊

(ဂ) အိတ်ပိတ်တင်ဒါခေါ်ယူရေး သို့မဟုတ် လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ (အဖွဲ့ ဖွဲ့စည်းနိုင်ရေး ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက်ရယူ၍ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန်။)

(ယ) အိတ်ပိတ်တင်ဒါခေါ်ယူရေး သို့မဟုတ် လေလံတင်ရောင်းချနိုင်ရေးအတွက် အခြေခံကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(င) အိတ်ပိတ်တင်ဒါခေါ်ယူမည့်ရက် သို့မဟုတ် လေလံတင်မည့်ရက်သတ်မှတ်၍ အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံကြော်ငြာကပ်ခြင်းနှင့် သတင်းစာတွင်အသိပေး နှိုးဆော်ခြင်း၊

(စ) အိတ်ပိတ်တင်ဒါခေါ်ယူရန် သို့မဟုတ် လေလံတင်ရောင်းချနိုင်ရန် သိမ်းဆည်းရရှိသည့် ပြည်တွင်းထုတ် အထူးကုန်စည်များကို ဈေးနှုန်းသတ်မှတ်ရန်အတွက် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့က အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သင့်လျော်သည့်ဈေးနှုန်းကို ပြန်လည်သတ်မှတ်ခြင်း၊

(ဆ) သင့်လျော်သည့်ဈေးနှုန်းကို သတ်မှတ်ရာတွင် ဦးစွာအနီးစပ်ဆုံး လက်ကားဈေးကွက်ပေါက်ဈေးကို သေချာစွာလေ့လာစိစစ်ပြီး ယင်းပေါက်ဈေးတန်ဖိုးမှ လက်ကားပြန်လည်ရောင်းချသူ၏ ခန့်မှန်း အမြတ်တန်ဖိုးကို နုတ်ပယ်ခြင်းအားဖြင့် သင့်လျော်သည့်ဈေးနှုန်းကို သတ်မှတ်ခြင်း၊

(ဇ) အိတ်ပိတ်တင်ဒါပွဲ သို့မဟုတ် လေလံပွဲတွင် အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံဆွဲဝယ်ယူသူသည် သတ်မှတ်ထားသည့်ဈေးနှုန်းနှင့်တူညီနေခြင်း သို့မဟုတ် သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုများနေခြင်း သို့မဟုတ် သတ်မှတ်ထားသည့် ဈေးနှုန်း၏ ၁၀ ရာခိုင်နှုန်းအောက် မလျော့သော ဈေးနှုန်းများဖြစ်ပါက အမြင့်ဆုံးဈေးကို ပေးနိုင်သူအား ရွေးချယ်ခြင်း၊

(စျ) အထက်ပါနည်းလမ်းအတိုင်း ဈေးနှုန်းရွေးချယ်ခြင်း မပြုနိုင်ပါက ကုန်စည်များကို ဒုတိယအကြိမ် အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံခေါ်ယူသွားမည်ဖြစ်သည်။ အကယ်၍ ယခင်တင်ဒါခေါ်ယူမှု သို့မဟုတ် လေလံခေါ်ယူရောင်းချမှု နှစ်ကြိမ်စလုံးမအောင်မြင်ခဲ့ပါက တန်ဖိုးသတ်မှတ်ထားသည့် အဖွဲ့အနေဖြင့် သင့်လျော်သည့်ဈေးနှုန်းကို ပြန်လည်သုံးသပ်ပြီး၊ တတိယအကြိမ် အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံခေါ်ယူချိန်တွင် ပြန်လည်သတ်မှတ်ထားသည့် သင့်လျော်သည့် ဈေးနှုန်းသည် မည်သို့ပင်ဖြစ်စေ ကုန်စည်များကို အမြင့်ဆုံးဈေးနှုန်း အဆိုပြုသူအား ရောင်းချခြင်း၊

(ည) အိတ်ပိတ်တင်ဒါခေါ်ယူသည့် သို့မဟုတ် လေလံရောင်းချသည့်နေ့များအတွက် နေ့စဉ်ဆောင်ရွက်မှုနှင့် အိတ်ပိတ်တင်ဒါခေါ်ယူပြီးစီးမှု သို့မဟုတ် လေလံတင်ရောင်းချပြီးစီးမှုသတင်းကို သင့်ရာနည်းဖြင့် အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ မပျက်မကွက် (မပျက်မကွက်) သတင်းပေးပို့တင်ပြခြင်း၊

(ဋ) အိတ်ပိတ်တင်ဒါပုံစံ သို့မဟုတ် လေလံပုံစံရောင်းချခြင်း၊ ပစ္စည်းပြသခြင်းနှင့် စပေါ်ငွေလက်ခံခြင်း၊

(ဌ) အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံအောင်မြင်သည့်တန်ဖိုး ပေးသွင်းခြင်း၊

(ဍ) အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံအောင်မြင်သူ အမည်စာရင်းနှင့် အောင်မြင်သည့်တန်ဖိုး၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို မှတ်တမ်းတင်ပြုစုပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သတင်းစာရင်းပေးပို့ခြင်း၊

(ပ) အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံအောင်မြင်သူများမှ ပစ္စည်းများ လာရောက်ထုတ်ယူမှုအား စနစ်တကျ လွှဲပြောင်းပေးအပ်ရန်၊ လွှဲပြောင်းလက်ခံစာတွင် အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံ အောင်မြင်သူမှ လက်မှတ်ရေးထိုးရန်နှင့် ပစ္စည်းများ ထုတ်ပေးသည့်အရာရှိမှ လက်မှတ်ရေးထိုးစေပြီး မူရင်း (၂) စုံ ပြုစု၍ (၁) မူရင်းကို အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံအောင်မြင်သူကို ပြန်လည် ပေးအပ်ရန်နှင့် (၁) မူရင်းအား ရုံးလက်ခံအဖြစ် ထားရှိခြင်း၊

(ဏ) အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံဆွဲဝယ်ခွင့်ရရှိသော အထူးကုန်စည်များပေါ်တွင် အခွန်အမှတ် တံဆိပ်ကပ်နှိပ်စေခြင်းကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူး ရှေ့မှောက်တွင် ဆောင်ရွက်စေခြင်း၊

(တ) အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေများအား ငွေစာရင်းခေါင်းစဉ်အမှတ်၊ ၁၈-တစ်-၂။၀၃။၁ သိမ်းယူထားသော ပစ္စည်းများရောင်းရငွေသို့ စနစ်တကျ လွှဲပြောင်းပေးသွင်းစေခြင်း၊

(ထ) အိတ်ပိတ်တင်ဒါ သို့မဟုတ် လေလံအောင်မြင်သည့် အမှုတွဲအလိုက် မှတ်တမ်းတင်ပြုစုထားရှိပြီး စာရင်းစစ် စစ်ဆေးမှုခံယူနိုင်ရန် အသင့်ပြင်ဆင်ထားခြင်း။

**သိမ်းဆည်းရရှိသောအထူးကုန်စည်များအား ဖျက်ဆီးခြင်းဖြစ်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၁၄။ သိမ်းဆည်းရရှိသော အထူးကုန်စည်များအား ဖျက်ဆီးနိုင်ရေး မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ အစီရင်ခံတင်ပြ၍ ခွင့်ပြုချက်ရယူကာ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) သိမ်းဆည်းရရှိသည့် အထူးကုန်စည်များအတွက် အမှုတွဲများဖွင့်လှစ်ရန် ဆောင်ရွက်ခြင်း၊

(ခ) စားသုံးရန်မသင့်သော အထူးကုန်စည်များဖြစ်ပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပေးသည့် အထောက်အထားပူးတွဲတင်ပြစေခြင်း၊

(ဂ) ဖျက်ဆီးမည့် အထူးကုန်စည်များအတွက် ဖျက်ဆီးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ (အဖွဲ့ ဖွဲ့စည်းနိုင်ရေး ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက်ရယူ၍ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။)

(ဃ) ဖျက်ဆီးနိုင်ရေးအတွက် သင့်လျော်သည့်နေရာ သတ်မှတ်ခြင်း၊

(င) စားသုံးရန်မသင့်သော အထူးကုန်စည်များကို ဖျက်ဆီးရေးအဖွဲ့ဝင်များရှေ့၌ ဖျက်ဆီးရန် ထုတ်ပေးခြင်း၊

(စ) တရားမဝင် အထူးကုန်စည်များကို အောက်ဖော်ပြပါ ဖျက်ဆီးခြင်းနည်းလမ်းများ အနက်မှ ကုန်စည်အမျိုးအစားအလိုက် ဖျက်ဆီးရန် သင့်လျော်သည့် အောက်ဖော်ပြပါ နည်းလမ်းများကို အသုံးပြုနိုင်သည် -

(၁) မီးရှို့ဖျက်ဆီးခြင်း၊

(၂) အစိတ်စိတ်အမွှာမွှာချိုးဖဲ့ခြင်း၊

(၃) အစိတ်စိတ်အမွှာမွှာပိုင်းဖျက်ခြင်း၊

(၄) မြေကြီး (သဲ)၊ ရွှံ့နွံနှင့်ရေတစ်ခုခုဖြင့် ရောနှော၍ဖျက်ဆီးခြင်း၊

(၅) တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးက ခွင့်ပြုလက်ခံသည့် ဖျက်ဆီးခြင်းနည်းလမ်းများ။

(ဆ) ဖျက်ဆီးပြီးသည့် တရားမဝင်ကုန်စည်များအတွက် မှတ်တမ်းများ၊ အချက်အလက်များကို သေချာစွာ ထိန်းသိမ်းထားရှိရမည်။ မှတ်တမ်းတွင် အောက်ပါအရေးကြီး အချက်အလက်များ ပါဝင်ရမည်-

(၁) အထူးကုန်စည်များ၏ ကုန်စည်အမှတ်တံဆိပ်/အမျိုးအမည် ရှင်းလင်းဖော်ပြချက်၊

(၂) အရေအတွက်၊

(၃) ကုန်အမှတ်တံဆိပ်နှင့်ကုန်စည်အမှတ်/နံပါတ်များ (ပါရှိလျှင်)၊

(၄) တရားမဝင်ကုန်စည်များကို ဖျက်ဆီးရသည့် အကြောင်းအရင်း အသေးစိတ်ဖော်ပြချက်၊

(၅) ကုန်စည်များကို ဖျက်ဆီးရာတွင် အသုံးပြုသည့်နည်းလမ်း၊

(၆) ကုန်စည်များကို ဖျက်ဆီးသည့်နေ့။

(ဇ) ဖျက်ဆီးခြင်းများအတွက် ဆောင်ရွက်မှုသတင်းအား သင့်ရာနည်းဖြင့် အခွန်ဆိုင်ရာ ကြီးကြပ်ရေး ဌာနခွဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ မပျက်မကွက် (မပျက်မကွက်) သတင်းပေးပို့တင်ပြခြင်း၊

(ဈ) ဖျက်ဆီးသည့် အမှုတွဲအလိုက် မှတ်တမ်းတင်ပြုစုထားရှိပြီး စာရင်းစစ် စစ်ဆေးမှုခံယူနိုင်ရန် မှတ်တမ်းတင်အထောက်အထားများ၊ ဓာတ်ပုံများဖြင့် အသင့်ပြင်ဆင်ထားခြင်း၊

(ည) ဖျက်ဆီးမည့် အထူးကုန်စည်များကို ဖွဲ့စည်းသတ်မှတ်ပေးထားသည့် ဖျက်ဆီးရေးအဖွဲ့၏ ရှေ့မှောက်တွင် ဖျက်ဆီးစေပြီးနောက် ဖျက်ဆီးပြီးဖြစ်ကြောင်းကို သက်သေခံလက်မှတ်ရေးထိုး မှတ်တမ်းတင်ခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE

Commencement of Winding Up of the Affairs of

**Chia Tai Seeds Company Limited**
**(Branch Office)**

In pursuant of Section 55 of Myanmar Companies Law, I hereby given notice that **Chia Tai Seeds Company Limited (Branch Office)** will commence the winding up its affairs in Myanmar on 4th January, 2019.

I, the undersigned Liquidator of the above named Company, have fixed 4th February, 2019 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd.
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

## ထွဋ်ခေါင်သုခ ကုမ္ပဏီလီမိတက်
## (HTUT KHAUNG THU KHA COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ နောက်ဆုံးအပြီးသတ် အစည်းအဝေးဖိတ်ကြားခြင်း

**HTUT KHAUNG THU KHA COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ် အစည်းအဝေးကို (၃၁. ၁. ၂၀၁၉) ရက်နေ့ နံနက် (၉း၀၀) နာရီတွင် အမှတ် (၂၁၂)၊ တိုက် (စီ)၊ အခန်း (၀၀၁)၊ ရွှေဂုံတိုင်တာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ် အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

ဒေါ်စန္ဒာအေး
(B. Com, C.P.A)

## မြန်မာအင်ဗက်(စ်)မင့်(တ်)အင်(န်)ဒီဗဲ့(လ်)လော့(ပ်)မင့်(န်) ကုမ္ပဏီလီမိတက်
## (MYANMAR INVESTMENT AND DEVELOPMENT CO.,LTD)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာအင်ဗက်(စ်)မင့်(တ်)အင်(န်)ဒီဗဲ့(လ်)လော့(ပ်)မင့်(န်) ကုမ္ပဏီလီမိတက် (MYANMAR INVESTMENT AND DEVELOPMENT CO.,LTD)** အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန္ဒာအေး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သကတ (နိုင်) ၁၃၁၇၆၉] (ဘီကွန်း၊ စီပီအေ) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး
(B. Com, C.P.A)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
**ပီကေအမ် တက်(ခ်)နော်လော်ဂျီ လီမိတက်** ကို
အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေး
(Final Meeting For Dissolution) တက်ရောက်ရန် ဖိတ်ကြားခြင်း

**ပီကေအမ် တက်(ခ်)နော်လော်ဂျီ လီမိတက် (P. K. M Technology Ltd.)** ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၅၆၅/၁၉၉၆-၁၉၉၇) ၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်၊ ၁၄း၀၀ နာရီအချိန်တွင် အမှတ်-ဂျီ-၃၊ ဝေဇယန္တာဥယျာဉ်၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အစုရှယ်ယာဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပြီး ကုမ္ပဏီကို အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးခင်ဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
ပီကေအမ် တက်(ခ်)နော်လော်ဂျီ လီမိတက် (ဖျက်သိမ်းဆဲ)

Residence: No.4, Padauk Street, No.6 Quarter, Pazundaung Township, Yangon. Ph: 951-298378, 09-5008583

**Save Life R.O Tech (1999) Co.,Ltd.**
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၀ အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း
ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ ၂-၁-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သောသာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၄-၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဝင်း
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် - ၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

## မော်လကိန်ဂျဲမ်(စ်) ကုမ္ပဏီလီမိတက်

(တရားရုံးအမိန့်အရ ဖျက်သိမ်းဆဲ)

## မြီရှင်များသို့ သတိပေးချက်

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈၀ ဦးရင်ခေါ်ဝမ်း (ခ) ဦးရင်ဝင်းနှင့် **မော်လကိန်ဂျဲမ်(စ်) ကုမ္ပဏီလီမိတက်** အမှုတွင် (၁၁-၁၂-၂၀၁၂) ရက်နေ့၌ **မော်လကိန်ဂျဲမ်(စ်) ကုမ္ပဏီလီမိတက်** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် (၁၉-၆-၂၀၁၈) ရက်နေ့၌ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်သန်းဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၅) အား ခန့်အပ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက် နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရင်ခေါ်ဝမ်း (ခ) ဦးရင်ဝင်း
ဒါရိုက်တာ
မော်လကိန်ဂျဲမ်(စ်) ကုမ္ပဏီလီမိတက်

ခင်သန်းဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
မော်လကိန်ဂျဲမ်(စ်) ကုမ္ပဏီလီမိတက်
(တရားရုံးအမိန့်အရ ဖျက်သိမ်းဆဲ)
အမှတ်-၁၅၃ (ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၁၅၇၁၃၂

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၄-၁-၂၀၁၉။